# မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)

## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရ မည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ပ)၏ နောက်တွင် ပုဒ်မခွဲ (ဏ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကိုဆိုသည်။"

(ခ) ပုဒ်မခွဲ(ဏ)၊(တ)၊(ထ)နှင့်(ဒ)တို့ကိုပုဒ်မခွဲ(တ)၊(ထ)၊(ဒ)နှင့်(ဓ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင် ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(တ)၌ ပါရှိသော "သတ္တုတွင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ပါရှိသော "အစိုးရ၏" ဆိုသည့် စကားရပ်ကို "နိုင်ငံတော်အစိုးရ၏"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို မြန်မာငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။"

၆။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးရမည်။"

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်နိုင်သည်။"

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ) ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ် အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၉။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ထုတ်လုပ်မှုအပေါ် မျှဝေခံစားသောလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှ သတ်မှတ်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်းအတွက် စာချုပ်များကို ချုပ်ဆို ဆောင်ရွက်ခွင့် ပြုနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်